# အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်

## International Covenant on Civil and Political Rights. ICCPR

**အပိုဒ် - ၁**

(၁) လူတိုင်းသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည်။ ယင်းအခွင့်အရေး၏ အကျိုးတရားကြောင့် မိမိတို့နိုင်ငံရေး အခြေအနေကို လွတ်လပ်စွာပြဋ္ဌာန်းပြီး မိမိတို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုမြှင့်တင်ရေး အတွက် လွတ်လပ်စွာ ကြိုးပမ်းသည်။

(၂) နိုင်ငံတကာ ဥပဒေအရ အကျိုးတရားအပေါ် ပြည်သူများသည် ဖြစ်လာနိုင်သော စုပေါင်းစီးပွားရေး အတွက် မည်သည့်တာဝန်မှ စွဲလန်းငဲ့ကွက်မှုရှိပဲ မိမိ၏ ဆန္ဒအလျောက် မိမိတို့၏ သဘာဝသယံ ဇာတပစ္စည်းများ ထုတ်ယူနိုင်ခွင့်ရှိသည်။

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် လက်အောက်ခံနယ်မြေများ၏ စီမံအုပ်ချုပ်ရေးအတွက် တာဝန်ရှိသော နိုင်ငံများ အပါအဝင် လက်ရှိစာချုပ်ဝင်နိုင်ငံများသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အချက်များ နှင့်အညီ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကို နားလည်သဘောပေါက်အောင် ကြိုးစားရမည့်အပြင် ထိုအခွင့်အရေးကို လေးစားတတ်ရမည်။

* **ပြည်သူအားလုံးသည် မိမိတို့၏ အနာဂတ်နိုင်ငံရေးကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။**

* **ပြည်သူအားလုံးတို့သည် မိမိပိုင်သဘာဝအမွေများကို သင့်တော်သည်ဟု ထင်မှတ်သည့်အလျောက် အသုံး ပြုပိုင်ခွင့်ရှိသည်။**

**အပိုဒ် ၂**

(၁) လက်ရှိစာချုပ်အဖွဲ့ဝင်နိုင်ငံ အသီးသီးသည် မိမိ၏နယ်နိမိတ်အတွင်းနှင့် တရားစီရင်ရေးနှင့် အကျုံးဝင်သော ပြည်သူများ၏ အခွင့်အရေးဖြစ်သည့် ယင်းစာချုပ်မှ အသိအမှတ်ပြုသော အခွင့်အရေးများကို လူမျိုးအားဖြင့်ဖြစ်စေ၊ အသားအရောင်၊ အသွေးအားဖြင့်ဖြစ်စေ၊ ကျား/ မ သဘာဝအားဖြင့်ဖြစ်စေ၊ ဘာသာစကားအားဖြင့်ဖြစ်စေ၊ ကိုးကွယ်သည့် ဘာသာဖြင့်ဖြစ်စေ။

(၂) နိုင်ငံရေးယူဆချက် သို့တည်းမဟုတ် အခြားယူဆချက်အားဖြင့်ဖြစ်စေ၊ နိုင်ငံနှင့်ဆိုင်သော၊ သို့တည်းမဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇစ်မြစ်အားဖြင့်ဖြစ်စေ၊ ပစ္စည်းဥစ္စာ ရုပ်ဝတ္ထုအားဖြစ် ဖြစ်စေ၊ မျိုးရိုးဇာတိ အားဖြင့်ဖြစ်စေ၊ အခြား အဆင့်အတန်းအားဖြင့်ဖြစ်စေ၊ မခွဲခြားပဲ လေးစားပြီး အာမခံချက်ပေး၍ တာဝန်ယူဆောင်ရွက်သည်။

(၃) မျက်မှောက်စာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးသည်

(က) အသိအမှတ်ပြုပြီးသော အခွင့်အရေးများ သို့တည်းမဟုတ် လွတ်လပ်မှုများကို ကျူးလွန်သော ပုဂ္ဂိုလ်သည် တာဝန်ရှိ အသိုင်းအဝိုင်းတွင် ဖြစ်လင့်ကစား ဝဲ့ကွက် ထောက်ထားခြင်းမရှိပဲ၊ ခံရသူအတွက် အာမခံချက်ရှိသော ပြုပြင်မှုကို ဆောင်ရွက်ရန်။

(ခ) အထက်ပါပြုပြင်မှုမျိုးကို တောင်းဆိုသော ပြည်သူတစ်ဦး၏ အခွင့်အရေးသည် တတ်စွမ်းသော တရားရေး၊ အုပ်ချုပ်ရေးနှင့် ဥပဒေဆိုင်ရာ အရာရှိများ သို့မဟုတ်၊ နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးသော တရားစီရင်အုပ်ချုပ်ရေးနှင့် ဥပဒေအရေးဆိုင်ရာအရာရှိများ သို့မဟုတ်၊ နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးသော တရားစီရင်ရေးဆိုင်ရာ တတ်ကျွမ်းသည့် တရားဝင်အရာရှိများက ဆုံးဖြတ်ချက်ပေးရန်အတွက်နှင့် တရားရေးဆိုင်ရာ ပြုပြင်မှုတိုးတက်နိုင်ရေးအတွက် အာမခံချက်ပေးရန်။

(ဂ) ယင်းပြုပြင်မှုမျိုးများကို လုပ်ဆောင်ရန်အတွက် တတ်စွမ်းနိုင်သော အာဏာပိုင်များက တွန်းအားပေးရမည်ဟု အာမခံချက်ပေးရန်ဖြစ်သည်။

* အစိုးရသည် တစ်စုံတစ်ရာ ခွဲခြားမှုမပြုခြင်း

* အခွင့်အရေးများကို ထိရောက်စေသော ဥပဒေများကို ပြဋ္ဌာန်းခြင်းနှင့်

* အခွင့်အရေးများချိုးဖောက်ခံရသူအတွက် ထိရောက်သော ကူညီမှုများပေးခြင်းနှင့် တရားဥပဒေပြုပြင်မှု ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

**အပိုဒ် ၃**

မျက်မှောက်စာချုပ်မှ ချမှတ်သော နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အခွင့်အရေးကို အမျိုးသမီးနှင့် အမျိုးသားများ၏ တန်းတူခံစားခွင့်အတွက် ယင်းစာချုပ်အဖွဲ့ဝင် နိုင်ငံတော်၏ အာဏာပိုင်သည် အာမခံချက်ပေးရန် တာဝန်ယူ ဆောင်ရွက်ရသည်။

*** အမျိုးသမီးများသည် အမျိုးသားနှင့် တန်းတူ အခွင့်အရေးများကို ရှိသည်။**

**အပိုဒ် ၄**

(၁) တိုင်းရင်းသားပြည်သူတို့၏ တရားဝင်အခွင့်အရေးဖြစ်သော အသက်ရှင် နေထိုင်ရေးနှင့် ဘဝကို ခြိမ်းခြောက်နေသည့် အရေးပေါ်ကာလမျိုးတွင် မျက်မှောက်ပဋိညာဉ်စာချုပ် အဖွဲ့ဝင်နိုင်ငံ အစိုးရများသည် လတ်တလော အရေးကြီးကိစ္စ၏ တောင်းဆိုမှုအပေါ်မူတည်၍ လုပ်ဆောင်ရန် တာဝန်ရှိသည့် ဆောင်ရွက်မှုတို့ကို ရုပ်သိမ်းနိုင်သည်။ သို့သော် ထိုရုပ်သိမ်းမှုသည် နိုင်ငံတကာ ဥပဒေအရ အခြားဝတ္တရားများနှင့် လိုက်လျောညီထွေရှိလျက် မျိုးနွယ်၊ ဘာသာ၊ လိင်၊ ဘာသာစကား ကိုးကွယ်သည့်ဘာသာ သို့မဟုတ် မျိုးရိုးဇာတိစသည်တို့ ခွဲခြားခြင်းမရှိပဲ လုပ်ကိုင်ဆောင်ရွက်ရန်၊

(၂) ဤစည်းမျဉ်းဥပဒေအရ အပိုဒ် ၆၊ ၇၊ ၈ (အပိုဒ်ခွဲ ၁၊ နှင့် ၂) ၁၁၊ ၁၅၊ ၁၆ နှင့် ၁၈ တို့မှ မည်သည့်အခါ၊ အခြေအနေမျိုးတွင်မှ ရုတ်သိမ်းခြင်း မပြုလုပ်နိုင်။

(၃) မျက်မှောက်စာချုပ်၏ မည်သည့်အဖွဲ့ဝင် နိုင်ငံမဆို၊ ထိုရုတ်သိမ်းမှု အကျုံးဝင်ရေးအတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ကြားဝင် ဆောင်ရွက်မှုဖြင့် အခြားအဖွဲ့ဝင် နိုင်ငံ အာဏာပိုင်များအား မည်သည့်စည်းမျဉ်း ဥပဒေကို ရုတ်သိမ်းလိုကြောင်း ဆက်သွယ် အကြောင်း ကြားရမည်။ ယင်းရုတ်သိမ်းမှု အဆုံးသတ်ကာလကိုလည်း ကုလသမဂ္ဂ အထွေအထွေ အတွင်းရေးမှူးချုပ်၏ ကြားဝင်ဆောင်ရွက်မှုဖြင့် ထပ်မံ အကြောင်းကြားရမည် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံသည် အရေးပေါ်အခြေအနေတစ်ရပ်ကို ထုတ်ပြန်ကြေညာသောအခါ အချို့သော
အခွင့်အရေးနှင့် လွတ်လပ်မှုများကို ဆိုင်းငံ့ထားနိုင်သော်လည်း မည်သည့် အခြေအနေ၊
မည်သည့်အခါမျှ မဆိုင်းငံ့နိုင်သော အခွင့်အရေးအချို့မှာ -

* အသက်ရှင်ရန် အခွင့်အရေး၊
* ဥပဒေရှေ့မှောက်၌ လူသားတစ်ဦးဟု အသိအမှတ်ပြုခြင်းခံရသော အခွင့်အရေး၊
* လွတ်လပ်စွာ တွေးခေါ်၊ ယူဆ၊ ကိုးကွယ်မှု၊
* နှိပ်စက်ညှင်းပန်းခြင်းမှ ကင်းလွတ်မှု၊
* ကျွန်ပြုခြင်းမှ လွတ်လပ်မှု
* ကြွေးမြီအတွက် ထောင်ချခံရခြင်းမှ လွတ်လပ်မှု၊
* နောက်ကြောင်းပြန်၍ ဥပဒေအရအရေးယူမှုမှ လွတ်လပ်မှု စသည်တို့ ဖြစ်သည်။

**အပိုဒ် ၅**

(၁) လက်ရှိစာချုပ်ပါအချက်များသည် စာချုပ်တွင် အသိအမှတ်ပြုထားသော လူ့အခွင့်အရေးနှင့် လွတ်လပ်မှုများကို ဖျက်လိုဖျက်ဆီးလုပ်ဆောင်ရန် သို့မဟုတ် ပျက်စီးစေရန် ရည်ရွယ်သော သဘောပါသည့် လှုပ်ရှားမှုတွင် အစိုးရအဖွဲ့ သို့မဟုတ် အုပ်စု သို့မဟုတ် ပြည်သူများပါဝင် နိုင်ခွင့်ရှိသည်ဟု မဆိုလိုပေ။

(၂) လက်ရှိပဋိညာဉ်တွင် အကျုံးဝင်သော နိုင်ငံတော် အာဏာပိုင်တို့ အသိအမှတ်ပြုသော သို့မဟုတ် တည်ရှိနေသော ဥပဒေနှင့်ကိုက်ညီလျက်ရှိသော အခြေခံ လူ့အခွင့်အရေးများ လွတ်လပ်မှုများနှင့် ပဋိညာဉ်တွင် အသိအမှတ်ပြုသော သို့မဟုတ် လျော့ပေါ့၍ အသိအမှတ်ပြုသော စည်းမျဉ်းဥပဒေ၊ သို့မဟုတ် သဘောတူညီချက် သို့မဟုတ် ဆင်ခြင်တုံတရား အပေါ်မူတည်သော ဓလေ့ထုံးတမ်းများ ကို ရုတ်သိမ်း၍လည်းကောင်း သို့မဟုတ် ကန့်သတ်ချုပ်ချယ်၍လည်းကောင်း မရပါ။

*** အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ်တွင် ရှိသော အခွင့်အရေးများကို ဖျက်ဆီးစေသော လုပ်ရပ်လုပ်ကိုင်ရန်အတွက် အခွင့်အရေးကို မည်သူမျှ တောင်းဆို၍မရပါ။**

*** နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် ရေးသားထားခြင်းရှိခြင်းကြောင့် အခွင့်အရေးတစ်ရပ်သည် မတည်ရှိဟု မဆိုလိုပေ။**

**အပိုဒ် ၆**

(၁) လူသားတိုင်းတွင် မွေးရာပါအမွေအဖြစ် အသက်ရှင်နေထိုင်ရန် အခွင့်ရှိသည်။ ဤအခွင့်အရေးကို ဥပဒေက ကာကွယ်ပေးရမည်။ မည်သူမျှ မိမိအသက်ကို ဥပဒေမဲ့စွာ ဆုံးရှုံးစေခြင်း မပြုနိုင်။

(၂) သေဒဏ်အမိန့်ပေးစီရင်ချက်ကို မဖျက်သိမ်းသော တိုင်းပြည်များတွင် ဥပဒေ အတိုင်း ကြီးလေးသော ရာဇဝတ်မှုအတွက်သာ သေဒဏ်အမိန့်ကို ကြီးကြပ်ရန်လိုပြီး၊ မျက်မှောက် ပဋိညာဉ်နှင့် သဘောတူစာချုပ်တွင်ပါသော မျိုးတုံးသတ်ဖြတ်ရေး ရာဇဝတ်မှုကို တားဆီးအပြစ်ဒဏ်ပေးခြင်းကို မဆန့်ကျင်ရန်လိုအပ်သည်။ ဤအပြစ်ဒဏ်ကို စီရင်ပိုင်ခွင့်မြင့်မားသော တရားရုံးကသာလျှင် နောက်ဆုံးစီရင်ချက် အနေဖြင့် ဆောင်ရွက်နိုင်သည်။

(၃) အသက်ရှင်နေထိုင်ခွင့် ငြင်းပယ်ခံရခြင်းသည် မျိုးဖြုတ် သတ်ဖြတ်ခြင်း သဘောဆောင်သည့်အခါ မျက်မှောက်စာချုပ်၏ ဤအပိုဒ်သည် မျိုးဖြုတ် သတ်ဖြတ်မှုဆိုင်ရာ ရာဇဝတ်မှုတားဆီးခြင်းအရ သဘောတူညီချက်ပါ အချက်များကို ရုတ်သိမ်းရန် မည်သည့်အာဏာကိုမျှ မည်သည့်နိုင်ငံအစိုးရကို အပ်နှင်းထားခြင်းမရှိပါ။

(၄) သေဒဏ်အပြစ်ပေးခံရသော မည်သူမဆို လွတ်ငြိမ်းချမ်းသာခွင့် သို့မဟုတ် ပြုပြင်ပြောင်းလဲခြင်းကို တောင်းဆိုပိုင်ခွင့်ရှိသည်။ မည်သူ့အမှုအတွက်မဆို ခွင့်လွှတ်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့် သို့မဟုတ် ပြုပြင်ပြောင်းလဲခြင်း ပေးသနားခွင့်ရှိသည်။

(၅) ရာဇဝတ်မှုကျူးလွန်သော အသက် ၁၈ နှစ်အောက် အရွယ်ရှိသူနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများအား သေဒဏ်အမိန့် စီရင်ချက်ချမှတ်ခြင်းမပြုရ။

(၆) မျက်မှောက်သဘောတူညီချက်စာချုပ်အရ သေဒဏ်အမိန့်ချမှတ်ခြင်းကို နိုင်ငံ အာဏာပိုင်တို့က ဆိုင်းငံ့ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းသည် ဤအပိုဒ်ပါ မည်သည့်အချက်နှင့်မျှ မသက်ဆိုင်။

*** နိုင်ငံတော်သည် နိုင်ငံသားတစ်ဦး၏အသက်ကို ကာကွယ်ရမည်။**

*** နိုင်ငံတစ်နိုင်ငံသည် မိမိဘာသာမိမိဆုံးဖြတ်ပြီး နိုင်ငံသားတစ်ဦး၏ အသက်ကို ပပျောက်စေလျှင် ဆင်ခြင်မှု ကင်းမဲ့စွာ ပြုခြင်းသာဖြစ်သည်။**

အသက်ရှင်ခြင်းအခွင့်အရေးသည် မရုတ်သိမ်းနိုင်သောအရာဖြစ်၍ ယင်းအား မည်သည့်အကြောင်းနှင့်မှ ဆိုင်းငံ့ခြင်း ရုတ်သိမ်းခြင်းမပြုနိုင်။

**အပိုဒ် ၇**

မည်သူတစ်ယောက်ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း (သို့မဟုတ်) ရက်စက်ကြမ်းကြုတ်သော လူမဆန်သော ဂုဏ်သရေပျက်စေသော ဆက်ဆံမှုမျိုး သို့မဟုတ် အပြစ်ပေးမှုများ မပြုလုပ်ရ။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မိမိ၏သဘောတူညီမှုမရှိပဲ ဆေးဖက် (သို့မဟုတ်) သိပ္ပံပညာစမ်းသပ်လေ့လာမှုပြုခြင်းကို မခံစေရ။

**+ အစိုးရလက်ပါးစေများက စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဒုက္ခဝေဒနာကို ဖြစ်စေလျှင် ထိုအမှုသည် နိုင်ငံတကာ ရာဇဝတ်မှုဖြစ်သည်။**

ဤအမှုကို မည်သည့်အကြောင်းကြောင့်မျှဖြစ်စေ ရုတ်သိမ်း၍လည်းကောင်း၊ ဆိုင်းငံ့၍လည်းကောင်း မပြုရ။

**အပိုဒ် ၈**

၁။ မည်သူ့ကိုမျှ ကျေးကျွန်အဖြစ်မထားရ၊ ကျွန်ပြုခြင်းနှင့် ကျွန်ရောင်းဝယ်ရေး ပုံသဏ္ဍာန်အားလုံး တို့ကို တားမြစ်သည်။

၂။ မည်သူ့ကိုမျှ ကျွန်ဘဝအဖြစ်မထားရ။

၃။ (က) မည်သူ့ကိုမျှ အတင်းအဓမ္မ သို့တည်းမဟုတ် မလုပ်မနေရအလုပ်မျိုး စေခိုင်းခြင်းမပြုရ။

(ခ) အကျဉ်းထောင်များတွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြစ်ချမှတ်သော တိုင်းပြည်များအတွက် အပိုဒ် (၃) က အနေဖြင့် တားဆီးခြင်း မပြုနိုင်၊

(ဂ) ဤစာပိုဒ်၏ ရည်ရွယ်ချက်အရ 'အဓမ္မ (ဝါ) မလုပ်မနေရအလုပ်' ဟူသော ဝေါဟာရတွင် အောက်ပါ အလုပ်များ မပါဝင်စေရ။

- အပိုဒ်ခွဲ ၃ခ-တွင် ပါဝင်သော စာပိုဒ်မှအပ တရားရုံးမှ ဥပဒေအရ အမိန့်ပေးမှုအပေါ် ချုပ်နှောင်ခြင်းခံရသူအား ခိုင်းစေသော မည်သည့်အလုပ်မျိုး သို့တည်းမဟုတ် ခြွင်းချက် အရ အလွတ်ခံရသောသူအား ထိုသို့ခိုင်းစေသော အလုပ်မျိုး၊
- စစ်ဘက်ဆိုင်ရာတို့က ခိုင်းစေသော အလုပ်မျိုးနှင့် အစိုးရကို ကန့်ကွက်တိုက်ခိုက်ခြင်းရှိသည့် တိုင်းပြည်မျိုးတွင် အစိုးရဌာနများက ဥပဒေဖြင့် စေခိုင်းသောအလုပ်မျိုး၊ (ကမ္ဘာ အသိအမှတ်ပြုသော)
- အရေးပေါ်အချိန်အတွင်း သို့မဟုတ် ဘေးဒုက္ခရင်ဆိုင်ရသော သို့မဟုတ် တိုင်းပြည် ငြိမ်ဝယ်ချိန်ခါ၌ ရပ်ကွက်ဒေသအနေဖြင့် လုပ်ကိုင်ရသော အလုပ်မျိုး၊
- ပြည်သူ့တာဝန်အစိတ်အပိုင်းအရ လုပ်ကိုင်ရသော အလုပ်မျိုး စသည်တို့ ဖြစ်သ ည်။

*** ကျွန်ပြုမှုသည် နိုင်ငံတကာ ရာဇဝတ်မှုဖြစ်သည်။**

ယင်းသည် ရုတ်သိမ်း၍မရသောအရာဖြစ်ပြီး၊ ဘယ်အကြောင်းကြောင့်နှင့်မျှ ဆိုင်းငံ့ခြင်းမပြုရ။

**အပိုဒ် ၉**

၁။ လူတိုင်းသည် လွတ်လပ်သော လူ့အခွင့်အရေးရှိပြီး လူ့အတွက်လုံခြုံမှု အခွင့်လည်းရှိသည်။ မည်သူ့ ကိုမျှ မတရားဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခြင်းမပြုရ။ ဥပဒေအရ သတ်မှတ်သော လုပ်ဆောင်ချက်မှလွဲ၍ မည်သူတစ်ဦး၏ လွတ်လပ်မှုကိုမျှ သိမ်းယူခြင်းမပြုနိုင်။

၂။ မည်သူမဆို ဖမ်းဆီးခြင်းခံရလျှင် မည်သည့်ပြစ်မှုနှင့် မည်သည့်အပြစ်ဒဏ် ပေးခံရသည် စသည်တို့ကို ၎င်းအားချက်ချင်းအသိပေးရမည်။

၃။ မည်သူမဆို ရာဇဝတ်မှုဖြင့် အဖမ်းခံရလျှင် သို့တည်းမဟုတ် ထိန်းသိမ်းခံရလျှင် သင့်တော်သော အချိန်ကာလအတွင်း တရားစစ်ဆေးမှုခံရရန်လည်းကောင်း၊ အပြစ်ဒဏ်ပေးခံရရန်လည်းကောင်း၊

အပြစ်ဒဏ်မှ လွတ်ရန်လည်းကောင်း တရားသူကြီး သို့မဟုတ် တရားစီရင်ရန် အာဏာလွှဲအပ်ခြင်း ခံရသော အရာရှိထံ အချိန်မီပို့ဆောင်ခံထိုက်သည်။ လူသားတစ်ဦးအား တရားစစ်ဆေးရန် စောင့်ဆိုင်းနေသော အချိန်ကာလအတွင်းတွင် ထိန်းသိမ်းထားရမည် ဟူသော ဥပဒေစည်းမျဉ်း ဟူ၍ မရှိရ။ သို့ရာတွင် အကြောင်းကိစ္စတစ်စုံတစ်ရာပေါ်ပေါက်လာလျှင် နောက်ဆုံးတရားစီရင်မှုအတွက် အာမခံချက်များဖြင့် တရားစီရင်ရေးလုပ်ဆောင်ချက်အရ တရားဝင်လွှတ်ပေးခြင်းခံရရန်အတွက် အာမခံချက် အပြည့်အဝဖြင့် တရားစစ်ဆေးရန်အတွက် ဆင့်ခေါ်နိုင်သည်။

၄။ မည်သူမဆိုဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခြင်းကြောင့် ၎င်း၏ အခွင့်အရေးဆုံးရှုံးမှုအပေါ် တရားရုံးသို့ တင်ပြပိုင်ခွင့်ရှိပြီး ၎င်းအားဖမ်းဆီးချုပ်နှောင်မှုအပေါ် တရားရုံးက ဥပဒေနှင့်ကိုက်ညီစွာ စီရင်ပြီးလျှင် ထိုဖမ်းဆီးချုပ်နှောင်မှုသည် ဥပဒေနှင့် ကိုက်ညီမှုမရှိပါက ၎င်းအား လွှတ်ပစ်ရမည်ဖြစ်သည်။

၅။ မည်သူမဆို မတရားဖမ်းဆီးချုပ်နှောင်ခံရပါက လျော်ကြေးပြန်၍ပေးရန် တောင်းဆိုနိုင်သည့် အခွင့်အရေး ရှိသည်။

**အပိုဒ် ၁၀**

၁။ လွတ်လပ်ခွင့်ဆုံးရှုံးသူအားကို လူသားအနေနှင့်လည်းကောင်း၊ မျိုးရိုး သမာဓိသိက္ခာကိုလည်းကောင်း လေးစား၍ ပြုမူဆက်ဆံရမည်။

၂။ (က) စွပ်စွဲမှုခံရသောသူများကို အထူးအကြောင်းကိစ္စမှတပါး အပြစ်ဒဏ် ချထားခံရသူများနှင့် သီးခြားစွာထားပြီး အပြစ်ဒဏ်ချထားခြင်း မခံရသောသူ အနေဖြင့် သင့်လျော်သော သီးခြားပြုမူခြင်းမျိုးဖြင့် ဆက်ဆံရမည်။

(ခ) စွပ်စွဲခံရသော ကလေးသူငယ်များကို လူကြီးများနှင့် ခွဲခြားထားရှိပြီး စောနိုင်သရွေ့ စောစောတရားစီရင် ဆုံးဖြတ်ခွင့်ခံနိုင်ရန်အတွက် စီစဉ်ပေးရမည်။

၃။ အကျဉ်းထောင်အုပ်ချုပ်ကွပ်ကဲမှုတွင် အကျဉ်းသားများ၏ ဘဝပြုပြင်ရေးနှင့် ယင်းတို့ဘဝ ထူထောင်ရေးဆိုင်ရာ အရေးကြီးသော လုပ်ငန်းရပ်များ ပါဝင်စေရမည်။ ကလေးအကျဉ်းသားများကို လူကြီးများနှင့် ခွဲခြားထားရှိပြီး ယင်းတို့၏ အသက်အရွယ်နှင့် ဆီလျော်ကိုက်ညီသော အစီအစဉ်များကို လုပ်ဆောင်ပေးရမည်။

**+အကျဉ်းသားများသည်လည်း အခွင့်အရေးများရှိသည်၊**

အပိုဒ် ၁၀ ရှိ အကျဉ်းသားတို့၏ အခွင့်အရေးများမှာ -

* လူသားတစ်ဦးအနေနှင့် လေးစားစွာဆက်ဆံရန်၊
* အပြစ်ထင်ရှားသူနှင့် အပြစ်မထင်ရှားသူ အကျဉ်းသားများ သီးခြားစွာထားရှိရန်၊
* ပြစ်မှုကျူးလွန်သော လူငယ်နှင့် လူကြီး သီးခြားစွာထားရှိရန်၊
* အပြစ်ဒဏ်ပေးခြင်းမဟုတ်ဘဲ ပြုပြင်မှုသဘောထားရှိရန်၊

**အပိုဒ် ၁၁**

မည်သူတစ်ဦးတစ်ယောက်ကိုမျှ ၎င်း၏သဘောတူချုပ်ဆိုသည့် တာဝန်ကို မပြီး မပြတ်ရုံမျှဖြင့် ၎င်းကို ချုပ်နှောင် အကျဉ်းချခြင်းမပြုရ။

* မည်သူတစ်ဦးတစ်ယောက်မျှ အကြွေးငွေကြောင့် အကျဉ်းထောင်ချခြင်း မပြုရ။

ဤအခွင့်အရေးသည် မရုတ်သိမ်းနိုင်သော အရာဖြစ်ပြီး မည်သည့်အကြောင်းမျှ ယင်းအား ဆိုင်းငံ့ခြင်းမပြုနိုင်၊ လူတစ်ဦးတစ်ယောက်ကို သစ္စာမဲ့ခြင်း၊ လျစ်လျူရှုခြင်း၊ တနည်းနည်းအားဖြင့် ရာဇဝတ်ပြစ်မှုအရ ပြုမူခြင်းမှတပါး အခြား ကြွေးမြီပေးရန် မစွမ်းနိုင်သည့်အတွက် ထောင်ချ အကျဉ်းမသွင်းနိုင်။

**အပိုဒ် ၁၂**

၁။ လူတိုင်းသည် မိမိနိုင်ငံပိုင်နက်၏ဥပဒေဘောင်အတွင်း ထိုနယ်နိမိတ်အတွင်း၌ မိမိနေထိုင်ရာ နေရာကို လွတ်လပ်စွာ ရွေးချယ်နေထိုင်ခွင့်ရှိသည်။

၂။ လူတိုင်းသည် မိမိနိုင်ငံအပါအဝင် မည်သည့်နိုင်ငံမှမဆို ထွက်ခွာသွားခွင့်ရှိသည်။

၃။ ဥပဒေပြဋ္ဌာန်းချက်မှ ချုပ်ချယ်မှုများမှတပါး အထက်ပါအခွင့်အရေးကို မည်သည့် ကန့်သတ်
ချုပ်ချယ်မှုနှင့်မျှ မပတ်သက်ဘဲ အမျိုးသားလုံခြုံရေး ပြည်သူလုပ်ငန်း အစီအစဉ်၊ ပြည်သူကျန်းမာရေး၊ လူ
ကျင့်ဝတ္တရားများကို ကာကွယ်ပြီးလျှင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်မှုများကို မဆန့်ကျင်ပဲ
မျက်မှောက်သဘောတူစာချုပ်နှင့် ကိုက်ညီရမည် ဖြစ်သည်။

၄။ မိမိနိုင်ငံသို့ ပြန်လည်ဝင်သွားနိုင်ခွင့်ကို မည်သူမျှ တရားမဲ့စွာ ဆုံးရှုံးခြင်း မရှိစေရ။

**လူတိုင်းတွင်**

* မိမိသဘောအလျောက် မိမိတို့၏ တိုင်းနိုင်ငံအတွင်း လွတ်လပ်စွာ သွားလာရန်၊
* မည်သည့်နေရာတွင်မဆို နေထိုင်နိုင်ရန်နှင့်
* မိမိသဘောအလျောက် မိမိ၏တိုင်းပြည်မှ ထွက်ခွာရန် သို့မဟုတ် မိမိ၏တိုင်းပြည်သို့ ပြန်လည်
ဝင်ရောက်နိုင်သည့် အခွင့်အရေးရှိသည်။

**အပိုဒ် ၁၃**

လက်ရှိသဘောတူစာချုပ် အဖွဲ့ဝင်အစိုးရ၏ အာဏာပိုင်တို့သည် မိမိတို့၏ ပိုင်နက်အတွင်း ဥပဒေနှင့်အညီ ပြည်ဝင်သူတစ်ဦးအား တရားဥပဒေနှင့်အညီ ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်အရနှင့်သာ တိုင်းပြည်မှ နှင့်ထုတ်ပိုင်ခွင့်ရှိသည်။ ထိုသို့ နှင်ထုတ်ရခြင်းမှာလည်း အမျိုးသားလုံးခြုံရေးအကြောင်းပြချက်အရ ဖြစ်ရမည်။ နှင်ထုတ်ခံရသူအနေနှင့် ၎င်းအားနှင်ထုတ်မှုကို ပြန်လည်သုံးသပ်ပေးရန် သြဇာရှိသော အာဏာပိုင် သို့မဟုတ် ထိုအာဏာပိုင်က ရွေးချယ်တာဝန်လွှဲအပ်သူအား တောင်းဆိုပိုင်ခွင့်ရှိသည်။

**နိုင်ငံခြားသားများကို ဥပဒေမဲ့စွာ ပြည်နှင်ဒဏ်မပေးနိုင်**

**အပိုဒ် ၁၄**

ဥပဒေတရားရုံးနှင့် ခုံရုံးများ၏ရှေ့မှောက်၌ လူတိုင်းတန်းတူအခွင့်အရေးရှိသည်။ လူတိုင်းသည် မိမိအပေါ် သို့မဟုတ် အခွင့်အရေးအပေါ် စွဲချက်တင်ခြင်းနှင့် အမိန့်ချမှတ်ခြင်းတို့အတွက် ပြည်သူအများ ရှေ့မှောက်၌ဖြစ်သော စွမ်းရည်ရှိပြီး လွတ်လပ်သော၊ ဘက်မလိုက်သော ဥပဒေအရ တည်ထောင်ထားသော ခုံရုံးတွင် အများပြည်သူတို့ တရားကြားနာစစ်ဆေးခံရန် အခွင့်အရေးရထိုက်သည်။
ကျင့်ဝတ်တရားထိန်းသိမ်းမှုအရသော်လည်းကောင်း၊ ပြည်သူ့လုပ်ငန်း နှင့် ဒီမိုကရေစီ ကျသော လူ့ဘောင် အကျိုးမျှော်ကိုး၍သော်လည်းကောင်း၊ ပါဝင်သောသူများ၏ လုံခြုံရေးအတွက်သော်လည်းကောင်း ၊ ပုဂ္ဂလိက အကျိုးအတွက်သော်လည်းကောင်း၊ သို့မဟုတ် လူသိရှင်ကြားဖြစ်မှုကြောင့် တရားစီရင်ရေး၏ တရားမျှတမှုကို အနှောက်အယှက် ဖြစ်စေနိုင်သော အထူးအခြေအနေမျိုးကြောင့်သော်လည်းကောင်း၊ သတင်းဌာနများ၏ ကြားနာမှုကိုအား လုံးဖြစ်စေ၊ တစ်စိတ်တဒေသဖြစ်စေ တားမြစ်ရသည်။ သို့ရာတွင် ကလေးသူငယ်များအား အုပ်ထိန်းခွင့်၊ အိမ်ထောင်ရေးနှင့် ဖိုမဆိုင်ရာ အမှုကိစ္စတို့မှတပါး ဥပဒေအရ အသနားခံမှုမျိုးအား အများပြည်သူတို့အား ကြားနာရန် ခွင့်ပြုသည်။

*** လူတိုင်းသည် တရားမျှတသော တရားစစ်ဆေးမှုကို ကြားနာထိုက်သည်။**

*** မည်သူတစ်ဦးတစ်ယောက်မျှ တရားဥပဒေ၏ စိုးမိုးမှုအထက်တွင် မရှိပါ။**

**အပိုဒ် ၁၄(၂)** ရာဇဝတ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသော သူတိုင်းအပြစ်ရှိသည်ဟု ဥပဒေအရ သက်သေမပြနိုင်ခြင်း မိမိမှာ အပြစ်မရှိဟု ထင်မှတ်ခံရရန် အခွင့်အရေးရှိသည်။

**+ လူတိုင်းသည် အပြစ်ကျူးလွန်သည်ဟု သက်သေမပြနိုင်သရွေ့ အပြစ်မရှိဟု သတ်မှတ်သည်။**

**အပိုဒ် ၁၄ (၃)** မည်သည့်ရာဇဝတ်ပြစ်ဒဏ်ဖြစ်စေ မိမိအပေါ် စီရင်ချက်ချခံရလျှင် လူတိုင်း (စွပ်စွဲခံရသူ) သည် အောက်ပါအနိမ့်ဆုံးအာမခံချက်များကို ပြည့်ဝသော တူညီမှုဖြင့် ခံစားထိုက်သည်။

(က) မိမိအပေါ် မည်သည့်အကြောင်းကြောင့် အပြစ်ချမှတ်သည်ကို မိမိ နားလည်သော ဘာသာ၊ အသေးစိတ် အကြောင်းအရာဖြင့် ချက်ချင်းအကြောင်းကြားရမည်။

(ခ) အမှုခုခံကာကွယ်ရာတွင် လိုအပ်သော အကူအညီနှင့်တိုင်ပင်ရန် အတိုင်ပင်ခံကို မိမိသဘော အတိုင်း ရွေးချယ်ရန်နှင့် ဆက်သွယ်ခွင့်နှင့် သင့်တော်သော အချိန်ကာလပေးရန်၊

(ဂ) အချိန်မနှောင်းရန်အတွက် အချိန်ကို မဆွဲပဲတရားစစ်ဆေးရန်၊

(ဃ) အမှုကို မိမိရှိသည့်အချိန်တွင်သာ ကြားနာစစ်ဆေးရန်နှင့် မိမိကိုယ်တိုင် အားဖြင့်လည်းကောင်း၊ မိမိစိတ်ကြိုက် ရွေးချယ်သော တရားရေးဆိုင်ရာအကူအညီ (ရှေ့နေ) အားဖြင့်လည်းကောင်း အမှုကို ခုခံကာကွယ်ခွင့်ရရန်၊ ထိုသို့ ဥပဒေဆိုင်ရာ အကူအညီမျိုးမရပါက ထိုသို့ အကူအညီပေးမည့်သူတစ်ဦးကို အစိုးရက ငှားရမ်းတာဝန်ပေးရန်၊ ထိုသူအား ငှားရမ်းထားကြောင်းကိုလည်း မိမိအား အကြောင်းကြားပေးရန်၊ ထိုသို့ တရားဘက်ဆိုင်ရာ အထောက်အကူအတွက် မိမိအနေနှင့် မပေးဆောင် နိုင်ပါက (အစိုးရ) က အကူအညီပေးရန်၊

(င) တရားလိုပြသက်သေအား မေးမြန်းခွင့်ရှိရန်နှင့် တရားလိုပြသက်သေနှင့် တန်းတူ မိမိအနေဖြင့် တရားခံပြသက်သေ ခေါ်ပိုင်ခွင့်ရှိရန်၊ ထိုသို့ ကူညီသူအား ခွင့်ပြုရန်နှင့် မိမိအား ကူညီသူကိုပါ မေးမြန်းရန် သို့မဟုတ် စစ်ဆေးမေးမြန်းပေးရန်၊

(စ) တရားရုံး၌ အသုံးပြုသော ဘာသာစကားကို မိမိအနေဖြင့် နားမလည်က စကားပြန်အတွက် အစိုးရက တာဝန်ယူဆောင်ရွက်ပေးရန်၊

(ဆ) မှန်သည်ဟု ထွက်ဆိုရန် သို့မဟုတ် အပြစ်ရှိသည်ဟု ဝန်ခံရန် မိမိအား အတင်း အဓမ္မခိုင်းစေခြင်း မပြုရန်။

**အပိုဒ် ၁၄ (၄)** အရွယ်မရောက်သေးသောသူများနှင့် ပတ်သက်သောအမှုတွင် ၎င်းတို့ ပြန်လည်ပုံမှန်ဖြစ်လာနိုင်ရေးအတွက် ထောက်သူသောဆန္ဒအပြင် ၎င်းတို့၏ အသက်တို့အပေါ်ကိုပါ ထည့်သွင်းစဉ်းစားရမည်။

* အရွယ်မရောက်သေးသူများကို အရွယ်ရောက်ကြီးသူများနှင့် တန်းတူမဆက်ဆံရ။

* ၎င်းတို့အတွက် အထူးစဉ်းစားဆောင်ရွက်မှုများ လုပ်ဆောင်ပေးရမည်။

**အပိုဒ် ၁၄ (၄)** အပြစ်ကျူးလွန်ကြောင်း အမိန့်ချမှတ်ခံရသူတိုင်းသည် ၎င်း၏ အပြစ်ဒဏ်ချမှတ်ခံရမှုနှင့် စီရင်ချက်အပေါ် တရားရုံးက ပြန်လည်ဆန်းစစ် သုံးသပ်ပေးရန် တရားဥပဒေအရ အသနားခံ တောင်းဆိုပိုင်ခွင့်ရှိသည်။ ထိုသို့ အထက်တရားရုံးကအား အမှုအား ပြန်လည်သုံးသပ်ရန် အသနားခံမှုကို သင့်လျော်သောအချိန်ကာလအတွင်း ဘက်မလိုက်သော ပြန်လည်သုံးသပ်မှုမျိုးနှင့် ကူညီဆောင်ရွက်ပေးရမည်။ အသနားခံစာတင်ထားသောအမှုကို ယခင်စီရင်ချက်အတိုင်း မစီရင်သေးဘဲ ယာယီဆိုင်းငံ့ထားရမည်။

**အပိုဒ် ၁၄ (၅)**

လူတစ်ယောက်အား ရာဇဝတ်မှုနှင့် နောက်ဆုံးတွင် အပြစ်ရှိသည်ဟု စီရင်ချက် ချမှတ်ပြီးနောက်တွင် ဖြစ်ပေါ်လာသော အကြောင်းတစ်ခုခုအရ မိမိမှာ အပြစ်မရှိဟု ထင်ရှားလျှင် သို့မဟုတ် မှားယွင်းစီရင်မှုကြောင့် လွတ်ငြိမ်းခွင့်ရလျှင် ထိုသူ၏ နစ်နာခံစားရခြင်းအပေါ် ဥပဒေအရ လျော်ကြေးပေးရမည်။

**အပိုဒ် ၁၄ (၆)**

နိုင်ငံအသီးသီး၏ အပြစ်ဒဏ်ပေးသည့် ပြုလုပ်ဆောင်ရွက်ချက်အတိုင်း ဥပဒေအရလွတ်ပြီးသောသူ သို့မဟုတ် နောက်ဆုံးအပြစ်ပေး၍ အပြစ်ပေးခံပြီးသော မည်သူ့ကိုမဆို ထပ်မံ၍ အမှုစစ်ဆေးခြင်းသော်လည်းကောင်း၊ အပြစ်ပေးခြင်းသော် လည်းကောင်းမပြုနိုင်။

**အပိုဒ် ၁၅**

(၁) မည်သူမဆို မိမိပြုမိသော အမှုသည် ပြည်သူ့ဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေတွင်ဖြစ်စေ ကျူးလွန်သောအချိန်တွင် ရာဇဝတ်မှုအဖြစ် ပြဋ္ဌာန်းထားချက်မရှိလျှင် ၎င်းအား ရာဇဝတ်မှု

ကျူးလွန်သည်ဟူ၍ အရေးယူခြင်းမပြုရ။ သို့မဟုတ် ပြုမိသော ရာဇဝတ်မှုအတွက် အပြစ်ဒဏ်မပေးနိုင်။ အကယ်၍ ၎င်း၏ ကျူးလွန်မှုနောက်ပိုင်းတွင် ဥပဒေစည်းကြပ်အရ အပြစ်ဒဏ်လျော့ခြင်းအတွက် ခြွင်းချက်တစ်စုံတစ်ရာရှိလာလျှင် ထိုလျှော့ပေါ့ချက်ကို ခံစားပိုင်ခွင့်ရှိသည်။

(၂) ကမ္ဘာ့အသိုင်းအဝိုင်းမှ အတည်ပြုလက်ခံထားသော ရာဇဝတ်မှုအရ မည်သည့် အမှုမျိုးမဆို ကျူးလွန်သောသူအပေါ် ဤအပိုဒ်အနေနှင့် ဝင့်ကွက်ဘက်လိုက်မည်မဟုတ်။

**+ မည်သူကိုမဆို မိမိပြုသောအမှုသည် မိမိပြုသောအချိန်တွင် ရာဇဝတ်မှုမဟုတ်လျှင် ၎င်းအား အပြစ်ဒဏ်ချမှတ်ခြင်းမပြုရ။**

**ဤအခွင့်အရေးသည် မရုပ်သိမ်းနိုင်သော အခွင့်အရေးတစ်ရပ်ဖြစ်၍ မည်သည့် အကြောင်းများကြောင့် ဖြစ်စေဆိုင်းငံ့ခြင်းမပြုနိုင်။**

အပိုဒ် ၁၅-၂ တွင် နိုင်ငံအစိုးရများအနေနှင့် နိုင်ငံတော်တွင် ရာဇဝတ်မှု အနေနှင့် မပြဋ္ဌာန်းထားသေးသော်လည်း နိုင်ငံတကာ ဥပဒေက ရာဇဝတ်မှုအဖြစ် သတ်မှတ် ပြဋ္ဌာန်းထားသော အမှုများကို ကျူးလွန်သူအား အပြစ်ပေးခွင့်ရှိကြောင်း ဖော်ပြထားသည်။

**အပိုဒ် ၁၆**

**လူတိုင်းသည် မည်သည့်နေရပ်တွင်နေသည်ဖြစ်စေ၊ ဥပဒေဘောင်အတွင်းရှိသည် ဟူသော အသိအမှတ်ပြုခြင်းခံရသည့် အခွင့်အရေးရှိသည်။**

**+ လူတိုင်းသည် မိမိအား ဥပဒေက ကာကွယ်မှုပေးခြင်းကို ခံယူရန် အခွင့်အရေးရှိသည်။**

ဤအခွင့်အရေးသည် မရုပ်သိမ်းနိုင်သော အခွင့်အရေးဖြစ်ပြီး မည်သည့် အကြောင်းနှင့်မျှ ဆိုင်းငံ့ရုပ်သိမ်းခြင်း မပြုနိုင်။

**အပိုဒ် ၁၇**

၁။ မည်သူမျှ မိမိသဘောအတိုင်း အေးချမ်းလွတ်လပ်စွာ နေထိုင်ခြင်းကို သော်လည်းကောင်း၊ မိမိ၏ မိသားစုကို သော်လည်းကောင်း၊ မိမိနေအိမ်အသိုင်းအဝိုင်းကို သော်လည်းကောင်း၊ စာပေးစာယူ ကိုသော်လည်းကောင်း၊ ဥပဒေမဲ့ ဝင်ရောက်စွက်ဖက်ခြင်း မခံစေရ။ ထို့ပြင် မိမိ၏ဂုဏ်သိက္ခာကိုလည်း ထိုနည်းတူစွာ ဥပဒေမဲ့ စော်ကားခြင်းမခံစေရ။

၂။ လူတိုင်းတွင် ထိုသို့ ဝင်ရောက်စွက်ဖက်ခြင်းမှ သော်လည်းကောင်း ဥပဒေအရ ကာကွယ်ပိုင်ခွင့်ရှိသည်။

**+ လူတိုင်းသည် အေးချမ်းသာယာစွာ အသက်ရှင်နေရေးအတွက် အခွင့်အရေးရှိသည်။**

**အပိုဒ် ၁၈**

၁။ လူတိုင်းတွင် လွတ်လပ်စွာတွေးခေါ်နိုင်ခွင့်နှင့် လွတ်လပ်စွာ ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ သက်ဝင်ယုံကြည် ကိုးကွယ်နိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ မိမိကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လွတ်လပ်စွာ ပြောင်းလဲနိုင်ခွင့်ပါဝင်သည့်အပြင် မိမိတစ်ယောက်ချင်းဖြစ်စေ၊

အခြားသူများနှင့် စုပေါင်း၍ဖြစ်စေ၊ ပြည်သူလူထုအများရှေ့မှောက်တွင် မဟုတ်ပဲဖြစ်စေ၊ မိမိကိုးကွယ်သော ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လွတ်လပ်စွာ သင်ပြနိုင်ခွင့်၊ ကျင့်သုံးနိုင်ခွင့်၊ ဘုရားကျောင်းကန် သွားလာဝတ်ပြုနိုင်ခွင့်နှင့် ဆောက်တည်နိုင်ခွင့်တို့လည်း ပါဝင်သည်။

၂။ မည်သူတဦးတယောက်ကိုမျှ မိမိရွေးချယ်ကိုးကွယ်လိုသော ဘာသာ သို့တည်းမဟုတ် ယုံကြည်မှုမှ ပျက်စီးစေရန် တိုက်တွန်းခြင်းမပြုနိုင်။

၃။ ပြည်သူ့လုံခြုံမှု သို့မဟုတ် ပြည်သူ့လုပ်ငန်း၊ ပြည်သူ့ကျန်းမာရေး သို့မဟုတ် ကျင့်ဝတ်တရား သို့မဟုတ် လူအများ၏လွတ်လပ်မှုနှင့် အခွင့်အရေးတို့ကို ဥပဒေ ပြဋ္ဌာန်းချက်အရ ကာကွယ်ရန်မှ တပါး ဘာသာ သို့မဟုတ် ယုံကြည်မှုကို သွန်သင်ပြသရန် လွတ်လပ်ခွင့်ကို ချုပ်ချယ်ခြင်း မပြုရ။

၄။ လက်ရှိသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတို့၏ အာဏာပိုင်တို့သည် မိဘတို့ လွတ်လပ်ခွင့်ဖြစ်သော ကျင့်ဝတ်အရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ မိမိတို့၏ သားသမီးများအား တညီတညွတ်တည်း ပညာပေးဆုံးမမှု အားလုံးတို့ကို တတ်နိုင်သရွေ့ စောင့်ရှောက်ကာကွယ် အာမခံပေးရန် တာဝန်ရှိသည်။

**+ လူတိုင်းတွင် မိမိသဘောအရ လွတ်လပ်စွာ တွေးခေါ်ယုံကြည်ခွင့်ရှိသည်။**

၎င်းသည် မရုတ်သိမ်းနိုင်သော အခွင့်အရေးတစ်ခုဖြစ်ပြီး မည်သည့်အကြောင်းကြောင့်မျှ ဆိုင်းငံ့ခြင်းမပြုနိုင်။

**အပိုဒ် ၁၉**

၁။ လူတိုင်းသည် မိမိအား ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ လွတ်လပ်စွာ တွေးခေါ် ယူဆပိုင်ခွင့် ရှိသည်။

၂။ လူတိုင်းတွင် လွတ်လပ်စွာယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ ရေးသားဖော်ပြနိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ အနှောက်အယှက်မရှိပဲ လွတ်လပ်စွာ ထင်မြင်နိုင်ခွင့်ပါဝင်သည့်အပြင် နိုင်ငံနယ်နိမိတ်များကို ထောက်ထားရန်မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရားများကို တနည်းဖြင့် လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ပို့မို့ဖြန့်ချီနိုင်ခွင့်လည်း ပါဝင်သည်။

၃။ ဤအပိုဒ် ၁၉ စာပိုဒ်ငယ် (၂) တွင်ပါဝင်သော အခွင့်အရေးများကို ကျင့်သုံးရန် အတွက် အထူးတာဝန်နှင့် လုပ်ပိုင်ခွင့်များပါဝင်သည်။ ထို့ကြောင့် တစ်စုံတစ်ရာသော ကန့်သတ်ချက်များရှိသည်။ သို့ရာတွင် ထိုသို့ ကန့်သတ်ချက်ဖြင့် လုပ်ဆောင်မှုသည်-

(က) အခြားသူတို့၏ အခွင့်အရေးများ သို့မဟုတ် ဂုဏ်သိက္ခာများကို လေးစားသော အားဖြင့်လည်းကောင်း၊

(ခ) ပြည်သူ့လုံခြုံရေး၊ ပြည်သူ့ကျန်းမာရေး၊ ကျင့်ဝတ်တရားဆိုင်ရာတို့ကို ကာကွယ်ရန်အတွက် လည်းကောင်း စသည်တို့အတွက် ဥပဒေအရ လိုအပ်မှသာ လုပ်ဆောင်ရမည်။

လူတိုင်းတွင်

*** မိမိတို့၏ ကိုယ်တိုင်အမြင်ကို ထင်ဟပ်စေရန်။**

*** မိမိအကြောင်းထုတ်ဖော်သိရှိစေရန်။**

*** အကြောင်းအရာနှင့် တွေးခေါ်မှုများကို တိုင်ပင်ဝေငှရန်အတွက် အခွင့်အရေးရှိသည်။**

**အပိုဒ် ၂၀**

၁။ စစ်မက်ဆိုင်ရာဝါဒဖြန့်ချိရေးများကို ဥပဒေက တားမြစ်သည်။

၂။ ကွဲပြားခြားနားခြင်း၊ ရန်ငြိုးထားမှု၊ သို့တည်းမဟုတ် အကြမ်းဖက်မှုတို့ကို လှုံ့ဆော်စေသည့် အမျိုးသားရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ မုန်းတီးမှုများအား ပေါပြောထောက်ခံသည့် မည်သည့် လုပ်ဆောင်ချက်ကိုမဆို ဥပဒေက တားမြစ်သည်။

*** လူတိုင်းတွင် အေးချမ်းသာယာမှုကို ရရှိရန် အခွင့်အရေးရှိသည်။**

**အပိုဒ် ၂၁**

ငြိမ်းချမ်းစွာ စုရုံးနိုင်ခွင့်ကို အသိအမှတ်ပြုရမည်။ သူတစ်ပါး၏ လွတ်လပ်မှုနှင့် အခွင့်အရေးများ၊ ပြည်သူ့ကျန်းမာရေး၊ ပြည်သူ့လုပ်ငန်းနှင့် လုံခြုံရေးကာကွယ်စေရန် စသော ဒီမိုကရေစီလူ့ဘောင်နှင့် ဆိုင်သည်။ ဥပဒေနှင့်ကိုက်ညီသည့် စည်းကမ်းတားမြစ်မှုမှအပ ထိုအခွင့်အရေးကို ကန့်သတ်ချုပ်ချယ်၍ မရ။

*** ပြည်သူတို့တွင် ငြိမ်းချမ်းစွာ စုရုံးပိုင်ခွင့်ရှိသည်။**

**အပိုဒ် ၂၂**

(၁) လူတိုင်းသည် မိမိလိုအပ်ချက်ကို ပြည့်ဝစေရန် အခြားသောသူများနှင့် လည်းကောင်း၊ အလုပ်သမား သမဂတို့တွင်လည်းကောင်း၊ လွတ်လပ်စွာ အသင်းအဖွဲ့များကို ဖွဲ့စည်းနိုင်ခွင့်ရှိသည်။

(၂) သူတစ်ပါး၏လွတ်လပ်မှုနှင့်အခွင့်အရေးများ၊ ပြည်သူ့ကျန်းမာရေး၊ ပြည်သူ့လုပ်ငန်းများနှင့် လုံခြုံရေးကို ကာကွယ်ရန်စသည့် ဒီမိုကရေစီလူ့ဘောင်ဆိုင်ရာတို့နှင့် ဥပဒေက ချမှတ်သော စည်းမျဉ်းမှအပ ယင်းအခွင့်အရေးကို ကန့်သတ်ချုပ်ချယ်၍မရ။

(၃) ဤအပိုဒ်ရှိ မည်သည့်အရာကမှ လွတ်လပ်စွာ အသင်းဖွဲ့ခြင်းနှင့် လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်များကို ကာကွယ်ရန် အတွက် (၁၉၄၆) ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ကြီး၏ ညီလာခံမှ ချမှတ်သောမူများကို ထိခိုက်စေသော ယင်းမူအရ အထက်ပါအခွင့်အရေးများအတွက် အာမခံချက်များကို ထိခိုက်စေသော သို့မဟုတ် ဥပဒေကို အသုံးချ၍ ထိခိုက်စေသော ဥပဒေလုပ်ဆောင်ချက်များ အတွက် နိုင်ငံအာဏာပိုင်များကို အာဏာအပ်နှင်းခြင်းမရှိ။

**+ ပြည်သူတို့သည် မိမိတို့သဘောအရ မည်သည့်အုပ်စု သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းများ ထဲသို့ လွတ်လပ်စွာ ဝင်ခွင့်ရှိသည်။**

**အပိုဒ် ၂၃**

၁။ မိသားစုသည် လူ့အဖွဲ့အစည်း၏ သဘာဝကျသော အခြေခံအစုဝေးဖြစ်ပြီး လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို ခံယူပိုင်ခွင့်ရှိသည်။

၂။ လက်ထပ်နိုင်သော အရွယ်ရောက်ပြီးသော ယောကျာ်းနှင့်မိန်းမတို့၏ လက်ထပ်ခွင့်နှင့် အိမ်ထောင်ပြုပိုင်ခွင့်ကို အသိအမှတ်ပြုရမည်။
၃။ လက်ထပ်ရန်ရည်ရွယ်ထားသော သတို့သား၊ သတို့သမီးနှစ်ယောက်တို့သည် လွတ်လပ်သော ဆန္ဒသဘောထားဖြင့်သာ လက်ထပ်ထိန်းမြားခြင်းပြုရမည်။
၄။ လက်ရှိပဋိညာဉ်တွင်ရှိသောမူအရ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် လက်ထပ်လိုသော ကြင်ဖော်နှစ်ဦးတို့တွင် မိမိတို့၏ ထိမ်းမြားလက်ထက်မှု သို့မဟုတ် ကွာရှင်းမှုနှင့် သားသမီးတို့အတွက် အကာအကွယ်စသည်တို့အတွက် တန်းတူအခွင့်အရေးများရှိရန် တာဝန်ရှိသည်။
**+ လူတိုင်းသည် မိမိကြိုက်နှစ်သက်သော ကြင်ဖော်နှင့် လွတ်လပ်စွာ လက်ထပ်ပိုင်ခွင့်ရှိပြီး**
**+ လင်နှင့်မယား တူညီသော အခွင့်အရေးနှင့် တာဝန်ဝတ္တရားရှိကြသည်။**

**အပိုဒ် ၂၄**
(၁) ကလေးသူငယ်တိုင်းသည် ၎င်း၏ သို့မဟုတ် ၎င်းမိသားစု၏ လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ဘာသာရေး၊ နိုင်ငံရေးနှင့် အခြားထင်မြင်ယူဆချက်၊ မျိုးရိုးဇာတိ သို့မဟုတ် လူမျိုး၊ မျိုးရိုးဇာတိ သို့မဟုတ် ပစ္စည်းဥစ္စာ အစရှိသည့် အခြားအဆင့်အတန်းများအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှု မပြုဘဲ ၎င်း၏ အရွယ်မရောက်သေးသော အဆင့်အတန်းအရ ၎င်း၏ မိသားစုအသိုင်းအဝိုင်းနှင့် နိုင်ငံအနေနှင့် လိုအပ်သော ကာကွယ်ပေးမှုကို ရရှိပိုင်ခွင့်ရှိသည်။
(၂) ကလေးသူငယ်တိုင်းသည် မွေးဖွားချိန်မှစ၍ မိမိအမည်ကို မှည့်ခေါ်၍ မွေးဖွားစာရင်းတွင် မှတ်ပုံတင်ရမည်။
(၃) ကလေးသူငယ်တိုင်းသည် နိုင်ငံသားတစ်ဦးအနေနှင့် ခံယူပိုင်ခွင့်ရှိသည်။
**+ ကလေးသူငယ်အားလုံးသည် အထူးပြုစုစောင့်ရှောက်မှုကို ခံယူခွင့်**ရှိသည်။

**အပိုဒ် ၂၅**
နိုင်ငံသားတိုင်းသည်-
(က) ပြည်သူလူထုရေးရာတွင် ကိုယ်တိုင်သော်လည်းကောင်း၊ လွတ်လပ်စွာ ရွေးချယ်ထားသော မိမိ၏ ကိုယ်စားလှယ်မှတစ်ဆင့်သော်လည်းကောင်း၊
(ခ) အခွင့်အခါအားလျော်စွာ ကျင်းပသော စစ်မှန်သည့် ရွေးကောက်ပွဲတွင် မဲပေးခြင်း သို့မဟုတ် အရွေးခံခြင်းတွင် လည်းကောင်း၊ ပြည်သူအများ မဲပေးပိုင်ခွင့်အရလည်းကောင်း၊ လျှို့ဝှက်စနစ်တွင် လည်းကောင်း၊ ရွေးကောက်သူအတွက် အာမခံခြင်းဖြင့်လည်းကောင်း၊
(ဂ) မိမိနိုင်ငံထဲတွင် တန်းတူအခွင့်အရေးကို ယေဘုယျအားဖြင့် ရရှိစေရန်နှင့် ပြည်သူ့လုပ်ငန်းတွင် ပါဝင်အမှုထမ်းဆောင်ရာ၌ အကြောင်းမဲ့ချုပ်ချယ်ကန့်သတ်မှုမရှိဘဲ ပါဝင်ခွင့်ရှိသည်။
**+ လူတိုင်းသည် မိမိနိုင်ငံအတွင်း၌ နိုင်ငံရေးလောကတွင် ပါဝင်ခွင့်ရှိသည်။**

**အပိုဒ် ၂၆**

လူတိုင်းသည် ဥပဒေရှေ့မှောက်တွင် အညီအမျှဖြစ်ပြီး မည်သည့်နည်းနှင့်မျှ ခွဲခြားဆက်ဆံမှုမရှိဘဲ ဥပဒေ၏ အကာအကွယ်ကို ညီတူညီမျှ ခံစားပိုင်ခွင့်ရှိသည်။
ဤကဲ့သို့ပင် အသားအရောင်၊ လိင်၊ ဘာသာစကား၊ ဘာသာရေး သို့မဟုတ် အခြား အယူအဆ၊ အမျိုးသားဇစ်မြစ် သို့မဟုတ် လူမှုရေးဇစ်မြစ်၊ ဥစ္စာဓနေ၊ မျိုးရိုးဇာတိနှင့် အခြားအဆင့်အတန်း ခြားနားခြင်းရှိသော လူတို့ကို အစိုးရက တူညီစွာနှင့် ထိရောက်စွာ အာမခံပေးလျက် ကာကွယ်ပေးရမည်။
**+ လူတိုင်းသည် ခွဲခြားမှုများတို့မှ အကာအကွယ်ရပိုင်ခွင့်ရှိသည်။**

**အပိုဒ် ၂၇**
လူမျိုးစု၊ ဘာသာအယူအဆ သို့မဟုတ် ဘာသာစကားအားဖြင့် ကွဲပြားကြပြီး လူနည်းစုများ နေထိုင်သော တိုင်းပြည်များတွင် အခြားလူနည်းစု သို့မဟုတ် မျိုးနွယ်တစ်ခုနှင့်အတူ လူနည်းစုတစ်ခုက မိမိတို့၏ ယဉ်ကျေးမှုအရဖြစ်စေ၊ ဘာသာစကားဖြစ်စေ၊ ဘာသာအယူအဆဖြစ်စေ၊ လွတ်လပ်စွာကျင့်သုံး ဟောပြောသွန်သင်ခြင်းကို တားမြစ်ခြင်း၊ ပိတ်ပင်ကန့်သတ်ခြင်း မပြုနိုင်။
**+ လူနည်းစုများတွင် မိမိတို့၏ လူမျိုးစုတစ်စုတည်း အဖြစ်ရှိနေရန် အခွင့်အရေးရှိသည်။**